ပေါင်းစည်းအားမာန်ဖွံ့ဖြိုးရေးအသင်းအဖွဲ့
Ethnic Equality Initiative - EEI
E.E.I

## Vacancy Announcement

**Vacancy date-20.5.2025**

**Background (နောက်ခံအကြောင်းအရာ)**

ပေါင်းစည်းအားမာန်ဖွံ့ဖြိုးရေးအဖွဲ့အစည်း (Ethnic Equality Initiative – EEI) သည် အစိုးရမဟုတ် သော၊ အမြတ်အစွန်းမယူသော ဒေသတွင်း လူမှုရေးအဖွဲ့အစည်း တစ်ခုဖြစ်ပြီး၊ ကချင်ပြည်နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် ရေရှည်တည်တံ့သော ဘက်စုံဖွံ့ဖြိုးရေး၊ လူငယ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ကလေးသူငယ်အခွင့်အရေးများ ပိုမိုအားကောင်းလာစေရေး၊ ကျားမ အခွင့်အရေးတန်းတူညီမျှမှု ရရှိရေးနှင့် အမျိုးသမီးများစွမ်းဆောင်ရည် ပိုမိုမြင့်မား လာစေရေးအတွက် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

ပေါင်းစည်းအားမာန်ဖွံ့ဖြိုးရေးအဖွဲ့အစည်း (Ethnic Equality Initiative – EEI) သည် အရည်အချင်းပြည့်ဝ၍ စိတ်ပါဝင်စားသူများအား ခန့်ထားနိုင်ရန် အောက်ဖော်ပြပါ ရာထူးကို ခေါ်ယူ နေပါသည်။

### စီမံချက်လက်ထောက် (၁) ဦး

### Project Assistant (1) Post

| | |
|---|---|
| တာဝန်ထမ်းဆောင်ရမည့်ဒေသ | : မြစ်ကြီးနားမြို့ |
| တာဝန်ထမ်းဆောင်ရမည့်ကာလ | : ဇွန်လ ၂၀၂၅ မှ ဒီဇင်ဘာ ၂၀၂၅ |
| အစီရင်ခံစာ ပေးပို့ရမည့်သူ | : အကြီးတန်းစီမံချက်အရာရှိ (Senior Project Officer) |

**Job Summary (လုပ်ဆောင်ရမည့် လုပ်ငန်းအနှစ်ချုပ်)**

**စီမံချက်လက်ထောက်**သည် စီမံကိန်းလုပ်ဆောင်သော စခန်းနှင့်ရပ်ရွာများတွင် အကျိုးခံစားခွင့်ရှိသူများအား အသိပညာအမြင်ဖွင့်ခြင်းအစီအစဉ်များကို အဓိကတာဝန်ယူဆောင်ရွက်ခြင်းပြုလုပ်ရမည်။

လုပ်ကိုင်ဆောင်ရွက်မည့် စီမံချက်လုပ်ငန်းများအားလုံးကို စီမံကိန်းမန်နေဂျာ၊ စီမံချက်မန်နေဂျာ နှင့် စီမံချက်အရာရှိတို့နှင့် အတူတကွ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်နိုင်သူဖြစ်ရမည်။

**Major Duties and Responsibilities (တာဝန်နှင့် ဝတ္တရားများ)**

- အပတ်စဉ်၊ လစဉ် မိမိ၏လုပ်ငန်းအစီအစဉ်ရေးဆွဲရမည်။
- သက်ဆိုင်ရာ စခန်းနှင့်ရပ်ရွာများရှိ အကျိုးခံစားခွင့်ရှိသူများအား အသိပညာပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာလှုပ်ရှားမှု အစီအစဉ်များကို ဦးဆောင်ရန်တာဝန်ရှိသည်။
- သက်ဆိုင်ရာ စခန်းနှင့်ရပ်ရွာများ၏ တာဝန်ခံများ၊ ကော်မတီဝင်များ၊ အကျိုးခံစားခွင့်ရှိသူများနှင့် ချိတ်ဆက်ပူးပေါင်းလုပ်ကိုင်ရန်တာဝန်ရှိသည်။
- အဖွဲ့အစည်း၏ လမ်းညွှန်ချက်များနှင့် မူဝါဒများကို လေးစားလိုက်နာဆောင်ရွက်သူဖြစ်ရမည်။
- အကျိုးခံစားခွင့်ရှိသူများ၊ ရပ်ရွာလူထုများနှင့် အဖွဲ့အစည်းကြား ကောင်းမွန်သည့် ဆက်ဆံရေးကို တည်တံ့စေရန်ဆောင်ရွက်ရမည်။
- ပေါင်းစည်းအာမာန်ဖွံ့ဖြိုးရေးအသင်းနှင့် အလှူရှင်များမှ ချမှတ်ထားသော မူဝါဒ လမ်းညွှန်ချက်များ အတိုင်း ဘဏ္ဍာငွေများကို အကျိုးရှိစေရန် စီမံခန့်ခွဲရမည်။

**Other activities (အခြားလုပ်ငန်းများ)**

- ပေါင်းစည်းအားမာန်ဖွံ့ဖြိုးရေးအဖွဲ့အစည်းမှ ချမှတ်ထားသည့် လမ်းညွှန်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် မူဝါဒများကို တိကျစွာ လေးစားလိုက်နာရမည်။
- ဝန်ထမ်းအသစ်များကဲ့သို့ အဖွဲ့အစည်းမူဝါဒမိတ်ဆက်ခြင်း အခန်းကဏ္ဍကို သေချာစွာ ပါဝင်ရမည်။
- မိမိ၏ကြီးကြပ်သူမှ လုပ်ငန်းလိုအပ်ချက်အရ တာဝန်ပေးအပ်သောအခါ မပျက်မကွက် လုပ်ကိုင်ဆောင်ရွက် ပေးရမည်။

**Reporting (အစီရင်ခံစာ)**

- မိမိ၏လုပ်ငန်းစဉ်များကို လစဉ် အကြီးတန်းစီမံချက်အရာရှိထံသို့တင်ပြပေးပို့ရမည်။
- စခန်းနှင့် ရပ်ရွာများ၏ အရေးပေါ်အခြေအနေ (သို့) သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ သတင်းပေးပို့တင်ပြရမည်။

**Qualifications and minimum requirement (လိုအပ်သည့် ပညာအရည်အချင်းနှင့် လိုအပ်ချက်များ)**

- မတူကွဲပြားသောလူမျိုးဘာသာ၏ယဉ်ကျေးမှုကိုလေးစားလိုက်နာသူ နှင့်ကောင်းမွန်သောပေါင်းသင်းဆက်ဆံရေးရှိသူဖြစ်ရမည်။
- အဖွဲ့အစည်းများ၏ လုပ်ငန်းသဘောသဘာဝကို ကောင်းစွာနားလည်သဘောပေါက်ပြီး အများနှင့် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။
- အထက်အရာရှိများ ညွှန်ကြားမှုအတိုင်းလေးစားလိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။
- ကွန်ပျူတာကို အခြေခံအသုံးပြုနိုင်သူဖြစ်ရမည်။ (Microsoft Word, Excel, Power Point)
- အခြေခံ English စာတတ်မြောက်ထားသူဖြစ်လျှင် ပိုကောင်းပါသည်။
- ကျေးရွာများ၊ ဒေသခံများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းကို လေးစားလိုက်နာ နားလည်သူ ဖြစ်ရမည်။
- လုပ်ဖော်ကိုင်ဖက်များနှင့် အကျိုးခံစားခွင့်ရှိသူများနှင့် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။
- မိမိ၏လုပ်ငန်းအပေါ် တာဝန်ယူမှု၊တာဝန်ခံမှု အပြည့်အဝရှိသူဖြစ်ရမည်။
- ဒေသတွင်း လူမှုရေးအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု လူမှုအဖွဲ့အစည်းများတွင် လုပ်ကိုင်ဖူးသည့်အတွေ့အကြုံရှိသူဖြစ်ရမည်။
- လိုအပ်ပါက ဒေသအတွင်း ခရီးသွားလာနိုင်သူဖြစ်ရမည်။

**ပေါင်းစည်းအားမာန်ဖွံ့ဖြိုးရေးအသင်းအဖွဲ့တွင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု၊ အလွဲသုံးစားပြုမှုနှင့် နှောက်ယှက်မှုမှန်သမျှကို လုံးဝ သည်းမခံသော မူဝါဒ ရှိပါသည်။ ထိုမူဝါဒ(Protection from Sexual Exploitation, Abuse and Harassment – Policy (PSEAH-Policy) နှင့် ဝန်ထမ်းကျင့်ဝတ် စည်းမျဉ်း (Code of Conduct) များကို ပေါင်းစည်းအားမာန်ဖွံ့ဖြိုးရေးအသင်း၏ ဝန်ထမ်းများ အားလုံးသည် သေချာစွာ နားလည်သဘောပေါက်၍ မဖြစ်မနေ လိုက်နာ ကျင့်သုံးကြရပါမည်။**

**မှတ်ချက်-အရည်အချင်းပြည့်မှီသော အမျိုးသမီးများနှင့် မသန်စွမ်းများ လျှောက်ထားရန် အထူးအားပေးပါသည်။**

**Application Process (လျှောက်လွှာများပေးပို့ခြင်း)**

အထက်ဖော်ပြပါအရည်အချင်းများနှင့် ပြည့်စုံ၍ စိတ်ပါဝင်စားသူများသည် မိမိ၏ အလုပ်လျှောက်လွှာများကို အောက်ပါလိပ်စာများအတိုင်း **(၂၀၂၅) ခုနှစ် မေလ (၃၁) ရက်၊ ညနေ (၅)** နာရီထက်နောက်မကျပဲ ပေးပို့လျှောက်ထားနိုင်ပါသည်။

ပေးပို့နိုင်သည့် အီးမေးလ်လိပ်စာ - **eei.recruitment.myt@gmail.com**

ပေါင်းစည်းအားမာန်ဖွံ့ဖြိုးရေးအဖွဲ့ရုံး

နခ- ၉/၁၅၆ မြို့သစ်ကြီးရပ်ကွက် ၊ နောင်ခမ်းရှမ်းရွာလမ်းမကြီး ၊ မြစ်ကြီးနားမြို့။

**(ပဏာမ ရွေးချယ်ခံရသူကိုသာ ဆက်သွယ် အကြောင်းကြားပါမည်။)**